စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အနှစ်ချုပ်စာလွှာ

# အိုးအိမ်၊ မြေနေရာရယူခြင်းနှင့် ပြန်လည်နေရာချထားခြင်း



Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

အနှစ်ချုပ်စာလွှာသည် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း သုတေသနအဖွဲ့များ အသုံးပြုရန်အတွက် ပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် အထူးသဖြင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်နိုင်မှုများနှင့်ပတ်သက်၍ နားလည်နိုင်စေရေးတွင်လည်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။ MCRB ၏ စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာ ဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ MCRB အင်တာနက်စာမျက်နှာ www.mcrb.org.mm တွင် အသေးစိတ် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

# လူ့အခွင့်အရေးနှင့်ဆက်နွယ်သည့် အကြောင်းအရာအကျဉ်းချုပ်

အိုးအိမ်၊ မြေနှင့် ပြန်လည်နေရာချထားခြင်းကိစ္စတွင် အလွန်ရှုပ်ထွေးသော လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ပါဝင်သည်။ မြေယာသည် အသက်မွေးမှုလုပ်ငန်း၏ အသက်သွေးကြောဖြစ်သည်။ အဆင်းရဲဆုံးသူများ၏ အာမခံချက်ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အမှတ်အသားဖြစ်လည်း ဖြစ်သည်။ ထို့အပြင် ဂေဟစနစ်ပုံမှန်ဖြစ်ရန် အရေးပါသည်။ အစိုးရမူဝါဒများ၊ စီးပွားရေးလုပ်ငန်းများသည် မြေနေရာရယူခြင်း၊ ပြန်လည်နေရာချထားခြင်းများကို ကောင်းမွန်စွာ မဆောင်ရွက်သောအခါ လူများ၏ ဆန္ဒနှင့်ဆန့်ကျင်လျက် ၎င်းတို့၏ အိမ်မြေများနှင့်ဝေးရာသို့ အတင်းရွှေ့ပြောင်းမှုများ ဖြစ်လာသည်။ အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုအခွင့်အရေးအပေါ် သက်ရောက်မှုများသည် အသက်မွေးဝမ်းကျောင်းမှုကို ခြိမ်းခြောက်ခြင်း၊ ရပ်ရွာအဆောက်အအုံများနှင့် လူမှုကွန်ယက်များကို အားနည်းစေခြင်း၊ ရပ်ရွာဆွေမျိုးများ ကွဲကွာသွားစေခြင်း၊ ယဉ်ကျေးမှုလက္ခဏာများ ပျောက်ဆုံးခြင်းနှင့် ထုံးတမ်းစဉ်လာဓလေ့များ ပျက်ဆီးခြင်းတို့ ဖြစ်စေသည်။

## အိုးအိမ်

သင့်တော်သော အိမ်ရာရပိုင်ခွင့်ဆိုသည်မှာ လူများကိုလုံခြုံမှုနှင့် ငြိမ်းချမ်းမှုပေးနိုင်သည့် သင့်တော်သော အမိုးအကာဖြစ်သည်။ အစိုးရ၏အခန်းကဏ္ဍမှာ အိမ်မြေဈေးကွက်ကို စနစ်တကျ ထိန်းသိမ်းပေးရန်ဖြစ်သည်။ အဆင်းရဲဆုံးသူများနှင့် အထိခိုက်လွယ်ဆုံးသော သူများနေထိုင်ရန် အိမ်မရှိသောအခါ အစိုးရ၏တာဝန်သည် ထိုသူများအတွက် နေစရာစီစဉ်ပေးရန်၊ သို့မဟုတ် အိမ်ငှားနိုင်ရန် ငွေကြေးထောက်ပံ့ခြင်းတို့ လုပ်ရန်ဖြစ်သည်။ လူတိုင်းအတွက် အိမ်ရာဖြည့်ဆည်းပေးရန်ကိုမူ အစိုးရထံမှမမျှော်လင့်နိုင်ပါ။ (အလုပ်သမားများအတွက် အိုးအိမ်နှင့်ပတ်သက်သည့် လူ့အခွင့်အရေး အနှစ်ချုပ်စာလွှာကို ကြည့်ရန်)

*အိမ်များသည် အချို့သော အနိမ့်ဆုံးလိုအပ်ချက် စံနှုန်းများနှင့်ကိုက်ညီရန် လိုသည်။*

- အစိုးရနှင့်ကုမ္ပဏီများကြောင့် လူတို့သည် ၎င်းတို့၏အိမ်များမှ ဥပဒေမဲ့နှင်ထုတ်ခံရခြင်းမှ ကင်းဝေးရန် အခွင့်အရေးရှိသည်။ (နေထိုင်မှုဆိုင်ရာ လုံခြုံရေးဟုခေါ်သည်)
- တတ်နိုင်သည့် ဈေးနှုန်းဖြစ်ခြင်း (အိမ်ခများ အလွန်ဈေးကြီးပါက လူများသည် အခြေခံလိုအပ်ချက်များဖြစ်သည့် အစာ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို မတတ်နိုင်တော့ပေ)
- နေထိုင်နိုင်ဖွယ်ဖြစ်ခြင်း (လုံလောက်သော အကျယ်အဝန်း၊ အပူအအေး၊ လေ၊ မိုးဒဏ်၊ ငြီးငွေ့ပျက်စီးနိုင်မှု အန္တရာယ်၊ ရောဂါပိုး၊ ပိုးမွှားများရန်မှ အကာအကွယ်ပေးနိုင်ခြင်း)
- ဝန်ဆောင်မှုများ၊ အသုံးအဆောင်များ၊ အခြေခံအဆောက်အအုံများ ရှိခြင်း (သန့်ရှင်းသော ရေ၊ သင့်တင့်သော သန့်ရှင်းမှု၊ ချက်ပြုတ်ရန်လိုအပ်သည့် စွမ်းအင်၊ အပူပေးစနစ်၊ လျှပ်စစ်မီး၊ အစာသိုလှောင်နိုင်မည့် စနစ်များ၊ အမှိုက်စွန့်ပစ်စံနစ်များကို ဆိုလိုသည်)
- အလွယ်တကူ ဝင်ထွက်နိုင်ခြင်း (အခွင့်အလမ်းနည်းပါးသူများနှင့် ထိခိုက်လွယ်သူများ အုပ်စုတွင်ပါသော ဆင်းရဲသားများ၊ မသန်စွမ်းများ၊ ခွဲခြားဆက်ဆံခံရသူများ၊ သဘာဝဘေးအန္တရာယ် ခံရသူများအတွက်ဖြစ်သည်)
- သင့်တော်သောနေရာဖြစ်ခြင်း (အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စာသင်ကျောင်းများ၊ ကလေးထိန်းကျောင်းများနှင့် တခြားလူမှုအဆောက်အအုံများသည် ညစ်ညမ်းသောနေရာ၊ သို့မဟုတ် ထိုနေရာများနှင့် နီးကပ်စွာမဆောက်သင့်ပါ။)

- ယဉ်ကျေးမှုကောင်းများ ထိန်းသိမ်းခြင်း(ယဉ်ကျေးမှုလက္ခဏာများနှင့် မတူကွဲပြားခြင်းများကို လက်ခံခြင်း၊ လေးစားခြင်း၊ ဖော်ထုတ်ခြင်း - ဥပမာ၊ အိမ်ဆောက်လုပ်ပုံနှင့် အိမ်စုဖွဲ့မှုသည် ရပ်ရွာလူထု၏ သီးသန့် ယဉ်ကျေးမှုပုံစံများကို အထောက်အကူ ဖြစ်စေသည်)

ကုမ္ပဏီများထံမှလည်း အိမ်ရာဖြည့်ဆည်းပေးရန် မမျှော်လင့်နိုင်ပါ။ သို့ရာတွင် အကယ်၍ ကုမ္ပဏီများသည် လူတို့၏ မြေယာနှင့်အိမ်များကို ဝယ်ခဲ့လျှင် (သို့မဟုတ် ၎င်းတို့ကိုယ်စား အစိုးရမှလုပ်ဆောင်ခဲ့လျှင်) အဆိုပါ ကုမ္ပဏီများမှ လျော်ကြေးအဖြစ် အိမ်ရာအသစ်များ ဖြည့်ဆည်းပေးရန် မျှော်လင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အထက်တွင် ဖော်ပြထားသော အိမ်ရာအခြေခံလိုအပ်ချက်များနှင့် ကိုက်ညီရန်လိုအပ်သည်။

## မြေယာရယူခြင်း

မြေယာရယူခြင်းကိစ္စတွင် မြေပိုင်ဆိုင်မှုနှင့် လုပ်ပိုင်ခွင့်ကိုငှားခြင်းနှင့် အပြတ်ဝယ်ခြင်း နှစ်မျိုးစလုံး အကျုံးဝင်ပါသည်။ တချို့ကိစ္စတွင် ကုမ္ပဏီများသည် မြေနေရာများကို အစိုးရဌာနများထံမှတစ်ဆင့်ရယူခြင်းဖြစ်သည်။ သို့ရာတွင် အစိုးရဌာနများသည် မြေယာများကို ရပ်ရွာနေသူများထံမှရယူရာတွင် လျော်ကြေးပေးမှုများရှိသလို၊ မပေးမှုများလည်း ရှိသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တရားဝင်မြေနေရာမှတ်ပုံတင်မှုစနစ်သည် ဓလေ့ထုံးစံအရ မြေနေရာ ပိုင်ဆိုင်မှုစနစ်နှင့် အတူပူးတွဲတည်ရှိသည်။ ထိုကိစ္စတွင် ဒေသခံနေသူများသည် မြေယာပိုင်ဆိုင်မှု အထောက်အထား မပြနိုင်သောအခါ အငြင်းပွားမှုများကို ဖြစ်စေသည်။ တခြားသူများသည် တရားမဝင်သော၊ သို့မဟုတ် အလားတူ မြေယာပိုင်ဆိုင်မှု အထောက်အထားများ ပြုလုပ်နိုင်သည်။ ထိုသို့ဖြင့် ရပ်ရွာနေသူများသည် ၎င်းတို့၏မြေယာများ ရောင်းချအောင် အတင်းဖိအားပေးခြင်း ခံရနိုင်သည်။ ထို့အပြင် ထိခိုက်လွယ်သော အစုအဖွဲ့များတွင်ပါသော အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းများနှင့် ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်များကို သေချာစွာ စဉ်းစားလုပ်ဆောင်ပေးမှုများမရှိပါက ထိုသူတို့သည် သက်ရောက်မှုအား အချိုးအစားမညီမျှစွာ ထိခိုက်ခံစားရနိုင်သည်။ ပိုင်ဆိုင်မှုများကို သေချာစွာ စစ်ဆေးမှု မရှိခြင်း၊ ဒေသခံအဏာပိုင်များ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် ကောင်းစွာဆွေးနွေးမှု မရှိလျှင် ကုမ္ပဏီတစ်ခုသည် သိ၍ ဖြစ်စေ၊ မသိ၍ဖြစ်စေ တရားမဝင်မြေပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို လက်ခံမိနိုင် ပါသည်။

## ပြောင်းရွှေ့နေရာချထားခြင်း

အစိုးရနှင့်ကုမ္ပဏီများသည် စီမံကိန်းလုပ်ငန်းများအတွက် မြေနေရာရယူခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာနေသူများ ကို ပြန်လည်နေရာချထားရန် လိုအပ်သည်။ ထိုလုပ်ငန်းစဉ်တွင် မြေနေရာရယူခြင်း၊ နေရာသစ်တွင် အိမ်အသစ်များ ဆောက်လုပ်ခြင်း၊ ပြန်လည်နေရာချခြင်းနှင့် အသက်မွေးဝမ်းကျောင်းများ ပြန်လည်တည်ထောင်နိုင်ရန် ကူညီပေးခြင်း တို့ ပါဝင်သည်။ ပြန်လည်နေရာချထားခြင်းကို လက်ခံမှု၊ လက်မခံမှုမျိုး ရှိနိုင်သည်။ လက်မခံသူများကို အတင်း ပြန်လည်နေရာချထားခြင်း (အင်အားသုံး နေရာပြောင်းခြင်းဟုလည်း ခေါ်သည်)ကို အစိုးရကသာလျှင် နိုင်ငံတော် ဥပဒေနှင့် လူ့အခွင့်အရေး ကာကွယ်မှုများနှင့်အညီ လုပ်ဆောင်နိုင်သည်။ ထိုသို့လုပ်ခြင်းသည် လူအများ၏အကျိုးကို ရည်ရွယ်သော အမျိုးသားလုံခြုံရေးအတွက်၊ စီပွားရေးဖွံ့ဖြိုးမှုအတွက်၊ ကျန်းမာရေးကာကွယ်မှုပြုရန်အတွက် ဖြစ်ရမည်။ ထိုလုပ်ရပ်ကို အခြားရွေးချယ်စရာ နည်းလမ်းများကို ရှာဖွေပြီး မရှိတော့သောအခါ၌သာ နောက်ဆုံး ရွေးစရာနည်းလမ်းအနေဖြင့်သာ လုပ်ဆောင်သင့်သည်။

ပြန်လည်နေရာချထားခြင်းအား လက်ခံ၊ လက်မခံဆိုသည့် ကိစ္စများကို မြေယာများမသိမ်းယူခင် ကြိုတင်ပြီး မည်သို့ ပြန်လည်နေရာချမည် ဆိုသည့်ကိစ္စကို လက်ရှိနေထိုင်သောသူများနှင့် ဆွေးနွေးသင့်သည်။ ထိုနေရာသို့ ရွှေ့ ပြောင်းခံရသူတို့ကို သင့်တော်သောနစ်နာကြေးနှင့် အိမ်ယာမဲ့မဖြစ်စေရန် ဖြည့်ဆည်းပေးရမည်။ ဌာနေတိုင်းရင်းသား များသည် နိုင်ငံတကာဥပဒေအရ အထူးအကာအကွယ်ပေးမှုကို ရရှိသည်။ အကြောင်းမှာ ၎င်းတို့

နေထိုင်အသုံးပြုသော မြေ၊ အရပ်ဒေသနှင့် ရှည်လျားသော သမိုင်းဆိုင်ရာဆက်နွယ်မှု ရှိသောကြောင့် ဖြစ်သည်။ ၎င်းတို့၏ လွတ်လပ်စွာ ဆုံး ဖြတ်ထားသော၊ ကြိုတင်ညှိနှိုင်းမှုရှိသော၊ သိနားလည်သော သဘောတူညီမှုရမှသာလျင် နေရာပြောင်းရွှေ့ခွင့်ရှိသည်။ ပြန်လည်နေရာချထားခြင်းကိုလုပ်ရာတွင် ရွှေ့ပြောင်းမည့်သူများ၏ လုံခြုံမှုရှိစေရန် အတွက် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်လိုအပ်သည်။ ရပ်ရွာလူထုအတွင်း ပြောင်းရွှေ့မှုကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများကို ဆန်းစစ်ခြင်း၊ မြေနေရာများမရယူခင် ရပ်ရွာလူထုအား အသိပေးခြင်း၊ မည်ကဲ့သို့သော သက်ရောက်မှုများရှိမည်ကို ရှင်းပြခြင်း၊ သင့်တော်၍ လက်တွေ့ကျင့်သုံးနိုင်သော ဖြေရှင်းနည်းများပေးခြင်း၊ မျှတသောနစ်နာကြေးပေးခြင်း၊ ညီမျှသောမြေယာနှင့် အိမ်အစား ပြန်ပေးခြင်းတို့ဖြစ်သည်။ ပြန်လည်နေရာချမှုတွင် ရွှေ့ပြောင်းခံရသည့်သူများကို တူညီသောအခြေအနေ (အရေအတွက်တူ၊ အရည်အသွေးတူသော မြေ၊ အိမ်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်း)၊ သို့မဟုတ် ယခင်ထက်ပိုကောင်းသော အခြေအနေဖြစ်ရန် လိုသည်။

*မြေယာရယူခြင်းနှင့် ပြန်လည်နေရာချထားမှုကို သင့်တော်စွာ မလုပ်ဆောင်လျှင် အစိုးရနှင့် ကုမ္ပဏီတို့သည် လူ့အခွင့်အရေးများကို ချိုးဖောက်မိနိုင်သည့် အန္တရာယ်ရှိသည်။*

- **မိမိကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်** - လူတို့သည် ၎င်းတို့၏ ဥစ္စာစနေနှင့် အရင်းအမြစ်များကို လွတ်လပ်စွာ စွန့်လွှတ် ပိုင်ခွင့်ရှိသည်။ မည်သူမျှ လူတို့၏အသက်ရှင်သန်မှု နည်းလမ်းများကို ငြင်းပယ်ခွင့်မရှိပါ။ မြေယာရယူခြင်း နှင့် ပြန်လည်နေရာချမှုတို့ လုပ်ဆောင်ရာတွင် ရပ်ရွာလူထုပါဝင်မှုမရှိခြင်း သို့မဟုတ် ပါဝင်ရန်သင့်တော် သော နည်းလမ်းများ မရှိသောအခါ ထိုအခွင့်အရေးကို ချိုးဖောက်မှု ဖြစ်နိုင်သည်။
- **ပါဝင်ဆောင်ရွက်ခွင့်** - လူထုနှင့်ဆိုင်သော မြေယာရယူခြင်း၊ ပြန်လည်နေရာချခြင်းတို့နှင့် ပတ်သက်၍ ဆုံး ဖြတ်ချက်များချမှတ်ခြင်း၊ အစီအစဉ်များ ရေးခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရာတွင် လူတစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက်၊ လူ့အဖွဲ့အစည်းလိုက် ပါဝင်ခွင့်များရှိပါသည်။ သတင်းအချက်အလက်ရရန် အခွင့်အရေးရရှိခြင်းဖြင့် အဓိပ္ပာယ်ရှိသော ပါဝင်ဆောင်ရွက်မှုကို ပြုလုပ်နိုင်သည်။
- **ခွဲခြားဆက်ဆံခံရမှု မရှိခြင်းနှင့် သာတူညီမျှဖြစ်မှု အခွင့်အရေးရရှိမှု** - မြေယာရယူခြင်းနှင့် ပြန်လည်နေရာချထားခြင်းသည် အခွင့်အလမ်းနည်းပါးသောလူစု (ဥပမာ - လူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများ) ထံ ဦးတည်သွားလျှင် အဆိုပါအခွင့်အရေးကို ထိခိုက်သည်။
- **လွတ်လပ်သော၊ ကြိုတင်အသိနားပေး၍ သဘောတူညီမှုရယူခြင်း (Free Prior Informed Consent)** - ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ပါဝင်ခွင့်တို့သည် လွတ်လပ်သော၊ ကြိုတင်ညှိနှိုင်းသော၊ သိနားလည်သော သဘောတူညီမှုတို့၏ အခြေခံအယူအဆ ဖြစ်သည်။ နိုင်ငံတကာဥပဒေများအရ၊ လွတ်လပ်သော၊ ကြိုတင်အသိနားပေး၍ သဘောတူညီမှုရယူခြင်း နိယာမသည် ဌာနေတိုင်းရင်းသားနှင့်သာ သက်ဆိုင်ပါသည်။ သို့သော် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး (တိုင်းရင်းသားလူနည်းစု)အစား မည်သူများကို ဌာနေတိုင်းရင်းသားများဟု သတ်မှတ်သည်ဆိုသည့်အချက်သည် မရှင်းလင်းပေ။ ထို့ကြောင့် (ဌာနေတိုင်းရင်းသားများ - အနစ်ချုပ်စာလွှာကို ကြည့်ပါ)
- **လွတ်လပ်စွာသွားလာခွင့်** - လူများသည် နေရာပြောင်းရွှေ့ခံရပြီး ၎င်းတို့ရွေးချယ်သောနေရာတွင် နေထိုင်ရန် ကန့်သတ်ခံရပါက ထိုအခွင့်အရေးကို ထိခိုက်သည်။ ထိုကန့်သတ်ချက်သည် အများအကျိုးအတွက် ဖြစ်သည့် အနေအထားမျိုးမှသာ လူ့အခွင့်အရေးထိခိုက်မှုမှ ကင်းလွတ်သည်။
- **ကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်** - လူတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်ပစ္စည်းဥစ္စာများကို တစ်ဦးချင်းအနေနှင့်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ပိုင်ဆိုင်ခွင့်ရှိပါသည်။ မည်သူမှ ဥပဒေမဲ့သိမ်းပိုက်နိုင်ခွင့် မရှိပါ။ မြေနေရာများ သိမ်းယူပြီး သဘောမတူဘဲ နေရာချထားမှုတို့သည် ထိုအခွင့်အရေးကို ထိခိုက်သည်။ ကုမ္ပဏီများသည်

ညီမျှသော မြေနေရာ၊ အိမ်၊ နစ်နာကြေးတို့အား အစားထိုးပေးရန် ပျက်ကွက်ပါက ထိုအခွင့်အရေးကို ထိခိုက်သည်။

- **လုံလောက်မျှတသော လူနေမှုအဆင့်အတန်းရပိုင်ခွင့် (သင့်တော်သော အိမ်၊ အစာရရန် အခွင့်အလမ်း ရှိမှု အပါအဝင်)** - မြေနေရာရယူခြင်းနှင့်ပြန်လည်နေရာချထားခြင်းသည် အစာနှင့်ရေ၊ သို့မဟုတ် စိုက်ပျိုးမွေးမြူရန်မြေ ရရှိရန်အခွင့်အလမ်းကို လျော့ပါးစေခြင်း၊ သို့မဟုတ် ဖယ်ရှားခြင်းဖြစ်လျှင် သို့မဟုတ် မသင့်တော်သော အိမ်ရာမြေအစားထိုးမှုဖြစ်လျှင် ဤအခွင့်အရေးကို ထိခိုက်နိုင်သည်။ အလုပ်အကိုင်၊ သို့မဟုတ် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝေးကွာသော နေရာများတွင် ပြန်လည်နေရာချထားမှုသည်လည်း ဤအခွင့်အရေးကို ထိခိုက်နိုင်သည်။

*ယခုဖော်ပြပါအချက်များသည် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများနှင့် အဘယ့်ကြောင့် သက်ဆိုင်ပါသနည်း။*

မြေယာနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ချိုးဖောက်သော စီမံကိန်းများသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများကို အကြီးအကျယ် ထိခိုက်စေသည်။ ထိုကိစ္စသည် စီမံကိန်းကို ပြန်၍ပင် အကြီးအကျယ် ထိခိုက်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အချိန်ကြန့်ကြာခြင်း၊ စီမံကိန်း ကုန်ကျစားရိတ်များတက်ခြင်း၊ လုံခြုံရေးအန္တရာယ်ကြီးလာခြင်း၊ အလုပ်သမားများနှင့် ဆက်ဆံရေးထိခိုက်ခြင်း၊ ကုမ္ပဏီနာမည်ပျက်ခြင်းနှင့် လုပ်ငန်းအတွက် ရန်လိုသည့် ပတ်ဝန်းကျင်ဖြစ်လာခြင်းတို့ ကြုံတွေ့နိုင်သောကြောင့်ဖြစ်သည်။ ကုမ္ပဏီတို့သည် အစိုးရထံမှ မြေနေရာအသုံးပြုခွင့်ကို ရယူခြင်းဖြစ်မည်။ သို့ရာတွင် ထိုအစိုးရမှ မြေနေရာများကို သင့်တော်သည့် တိုင်ပင်မှုများမပြုလုပ်ဘဲ၊ လျော်ကြေးပေးဆောင်မှုမရှိခြင်း၊ သိမ်းယူထားလျှင် ထိုကုမ္ပဏီတို့သည်လည်း လူ့အခွင့်အရေး ထိခိုက်မှုများအတွက် ကြံရာပါဖြစ်နိုင်သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကြီးများသည် လျော်ကြေးမပေးဘဲ မြေနေရာများ သိမ်းယူထားသည်ဟုဆိုသော အစီရင်ခံစာများ ထွက်လာပါသည်။ ၎င်းတို့သည် များသောအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ (ရွှေ၊ ရဲတံခွန်၊ ရတနာပိုက်လိုင်းများ)နှင့် ဆက်နွယ်နေသည်။ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများသည်လည်း ကုန်းတွင်းပိုင်းသို့ ထိခိုက်မှုများဖြစ်စေနိုင်သည်။ အကြောင်းမှာ ရေနံများကို ကုန်းတွင်းရှိတင်ပို့ရန်နေရာ (အထူးသဖြင့် ရခိုင်ပြည်နယ်)သို့ ယူဆောင်ရန်လိုသောကြောင့်သည်။ ထိုဒေသ (ရခိုင်)တွင် မတူညီသောလူမျိုးစုကြား အကြမ်းဖက်မှုများသည် (၂၀၁၂) ခုနှစ်မှစတင်ဖြစ်ပွားပြီး အကြီးအကျယ်နေရာပြောင်းရွှေ့မှုများ ဖြစ်ပေါ်လျက်ရှိသည်။

မြေယာကိစ္စသည် မြန်မာ့ခရီးသွားလုပ်ငန်းများနှင့်လည်း သက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ငန်းသည် အခြေခံအဆောက်အဦများနှင့် အခြားသောဖွံ့ဖြိုးမှုများအတွက် မြေနေရာအရွယ်အစားမျိုးစုံကို လိုအပ်သောကြောင့်ဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို မြို့ပြ၊ ကျေးလက်နှင့်ယဉ်ကျေးမှုအရ အရေးပါသောနေရာများတွင် ဆောက်လုပ်မှုများ ပြုလုပ်သောကြောင့် မြေယာနှင့်ပတ်သက်၍ ခရီးသွားလုပ်ငန်းတွင် သီးသန့်စိန်ခေါ်မှုများရှိသည်။

*မြေယာရယူခြင်း၊ ပြန်လည်နေရာချမှုတို့နှင့် ပတ်သက်၍ ဖြေရှင်းမှုများရရန် အောက်ပါတို့ကို မေးရန်ဖြစ်သည်။*

- မြေယာရယူခြင်းနှင့် ပြန်လည်နေရာချမှုတို့ လုပ်ဆောင်ရာတွင် ဒေသခံများနှင့် တိုင်ပင်ခြင်း၊ ၎င်းတို့၏ လက်ခံသဘောတူညီမှု ရယူခြင်းတို့ကို မြန်မာနိုင်ငံတွင် ပုံမှန်ကျင့်သုံးလျက်ရှိသလား၊ သို့မဟုတ် တိုင်ပင်မှု၊ သဘောတူညီမှုတို့ကို အနည်းငယ် သို့မဟုတ် လုံးဝမလုပ်ဘဲ "မြေယာလုယက်ခြင်း" များ ပုံမှန်တွေ့ကြုံနေရလား။
- အစိုးရ၊ သို့မဟုတ် ကုမ္ပဏီများ၏ မြေဝယ်ခြင်း၊ ငှားခြင်း၊ ရယူခြင်းနှင့်အခြားသော သက်ရောက်မှုများကြောင့် ပုဂ္ဂိုလ်တစ်ဦး၊ ရပ်ရွာလူ့အဖွဲ့အစည်းတစ်ရပ်သည် အိမ်ရာမဲ့သွားခြင်း၊ သို့မဟုတ် မြေနေရာမဲ့သွားခြင်းတို့ ကြုံတွေ့ရသလား။

- မြေယာရယူခြင်းနှင့် နေရာချထားမှုတို့ မလုပ်ဆောင်ခင် အစိုးရ၊ သို့မဟုတ် ကုမ္ပဏီများမှ ရပ်ရွာလူထုနှင့် တိုင်ပင်ခြင်း၊ ဖြစ်နိုင်ချေသက်ရောက်မှုများကို ဖော်ထုတ်ခြင်း၊ ထိခိုက်မှုများအတွက် တာဝန်ယူဆောင်ရွက်ပေးခြင်းများ ရှိသလား။
- အစိုးရ၊ သို့မဟုတ် ကုမ္ပဏီများသည် ရပ်ရွာလူထုနှင့်သက်ဆိုင်သော ကိစ္စများဖြစ်သည့် မြေအသုံးပြုမှု သို့မဟုတ် မြေပိုင်ဆိုင်မှုတို့အပေါ် သက်ရောက်မှုများကို သေချာစွာနားလည်ရန် လိုအပ်သည့် အချက်အလက်များရှိလား။ ထို့အပြင် ရပ်ရွာလူထု၏ စိုးရိမ်မှုများကိုရှင်းပြရန် အခွင့်အလမ်းပေးသလား၊ သို့မဟုတ် သဘောမတူမှုများကြောင့် မြေယာရယူခြင်းများ ရပ်ဆိုင်းလိုက်သလား။
- အစိုးရ၊ သို့မဟုတ် ကုမ္ပဏီများသည် မြေယာရယူခြင်းတွင် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် အမျိုးသမီးများ၊ကလေးများ၊ ဌာနတိုင်းရင်းသားများအပေါ် သက်ရောက်မှုအလားအလာများကို လျစ်လျူရှုထားပါသလား။
- အစိုးရ သို့မဟုတ် ကုမ္ပဏီများသည် မြေနေရာကိစ္စများလုပ်ဆောင်ရာတွင် တတ်နိုင်သမျှ ပြန်လည်နေရာချထားခြင်းကို ရှောင်ရှားပြီး တခြားဖြစ်နိုင်ချေနည်းလမ်းများကို ရှာဖွေသလား။
- ရပ်ရွာလူထု၏ မြေယာအခွင့်အရေးသည် လက်တွေ့ကျင့်သုံးရန် အမှန်တကယ် ဖြစ်နိုင်ချေရှိပါလား။ ဆိုလိုသည်မှာ ၎င်းတို့သည် သင့်တော်သောနစ်နာကြေးများရရန်အတွက် ရှင်းလင်းသည့် သတ်မှတ်ချက်များကို ထိရောက်စွာ အသုံးပြုနိုင်ပါသလား။
- မြေယာရယူခြင်း၊ ပြန်လည်နေရာချထားခြင်းတို့ လုပ်ဆောင်ရာတွင် ရပ်ရွာလူထုအတွက် ထိရောက်သော ဖြေရှင်းဆောင်ရွက်မှုနည်းလမ်းများ ရှိပါလား။ (ကန့်ကွက်မှုများကို ဘက်မလိုက်ပဲ ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ဒေသန္တရအုပ်ချုပ်ရေး သို့မဟုတ် တရားရုံးများမှတစ်ဆင့် လုပ်ဆောင်နိုင်မှုနည်းလမ်း)

## လူ့အခွင့်အရေးဆိုင်ရာ ကိုးကားချက်များ

- အစားအစာ၊ အိုးအိမ်အပါအဝင် သင့်တော်သော လူနေမှုအဆင့်အတန်း ရပိုင်ခွင့်။ အင်အားသုံး၍ မြေယာများအား သိမ်းယူခြင်း၊ မူလပိုင်ရှင်များအား နှင်ထုတ်မှုများကို တားမြစ်ခြင်း။ (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်စာချုပ် အပိုဒ် ၁၁)
- ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်။ (မြို့ပြနှင့် နိုင်ငံရေး အခွင့်အလမ်းများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်စာချုပ် အပိုဒ် ၁)
- ဌာနေတိုင်းရင်းသားများအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ ၁၆၉ နှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့၏ လက်ခံကျင့်သုံးရန် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ ပြဋ္ဌာန်းထားခြင်း ရှိသည်။
- နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IFC) ၏ လုပ်ဆောင်မှုစံနှုန်း (၅)၊ မြေယာရယူခြင်းနှင့် သဘောဆန္ဒမပါဘဲ ရွှေ့ပြောင်းနေရာချထားခြင်း။
- သင့်တော်သော အိုးအိမ်ချထားခြင်း၊ ဖွံ့ဖြိုးမှုကို အခြေခံသော မြေယာရယူခြင်းနှင့် အစားထိုးခြင်း အခြေခံမှုနှင့် လမ်းညွှန်ချက်များနှင့် ပတ်သက်သော ကုလသမဂ္ဂမှ အထူးအစီရင်ခံချက်။

This factsheet on Housing, Land Acquisition and Resettlement has been produced by MCRB. An English version is available from www.mcrb.org.mm.